**Network for Democracy and Development**

**Documentation and Research Department**

P.O Box 179, Mae Sod, Tak, 63110, Thailand. Phone: +66 (0) 89 267 8417.
E-mail: ndddrd@csloxinfo.com; ndddrd07@gmail.com

# မြန်မာ့နိုင်ငံရေးသုံးသပ်ချက်[၁/ ၂၀၁၁]

## နိုင်ငံရေးအကျဉ်းသား၊ လွတ်ငြိမ်းချမ်းသာခွင့်နှင့် (၂၀၀၈) ဖွဲ့စည်းပုံအခြေခံဥပဒေ

မြန်မာနိုင်ငံတွင် ဒီမိုကရေစီအသွင်ကူးပြောင်းရေးနှင့်အမျိုးသားပြန်လည်ရင်ကြားစေ့ရေးဖြစ်စဉ်အတွက်

၁) နိုင်ငံရေးအကျဉ်းသားများအား ချွင်းချက်မရှိလွှတ်ပေးရေး
၂) ပြည်တွင်းစစ် ရပ်စဲရေးနှင့်
၃) အဓိပ္ပါယ်ပြည့်ဝသည့် နိုင်ငံရေးတွေ့ဆုံဆွေးနွေးပွဲများ ဖြစ်ပေါ်လာရေးတို့ကို မဖြစ်မနေလုပ်ဆောင်ရန် လိုအပ်လျက်ရှိသည်။

နိုင်ငံရေးအကျဉ်းသားများအား ချွင်းချက်မရှိလွှတ်ပေးရေးသည် အလွန်အရေးကြီးသည့် နိုင်ငံရေးလုပ်ငန်းစဉ်တစ်ခုဖြစ်ပြီး လွတ်ငြိမ်းချမ်းသာခွင့်နှင့်လည်း ဆက်စပ်နေသည်။

ဦးသိန်းစိန်ခေါင်းဆောင်သော ကြံ့ဖွံ့အစိုးရသည် ယခင် နအဖ စစ်အစိုးရကဲ့သို့ အကျဉ်းထောင်များတွင် နိုင်ငံရေးအကျဉ်းသားများမရှိပါဟု အကြိမ်ကြိမ်ငြင်းဆိုနေသည်ကို တွေ့ရသည်။ နအဖ စစ်အစိုးရလက်ထက်တွင် ၂၀၀၉ ခုနှစ်၊ မတ်လအတွင်း ဂျနီဗာမြို့တွင် ကျင်းပသော (၁၀) ကြိမ်မြောက်လူ့အခွင့်အရေးကောင်စီအစည်းအဝေးတွင် ကုလသမဂ္ဂဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးဝဏ္ဏမောင်လွင်က မြန်မာနိုင်ငံ၌ အကျဉ်းကျခံရလျက်ရှိသော နိုင်ငံရေးအကျဉ်းသားပေါင်း (၂၀၀၀) ကျော်ရှိသည်ဟုဆိုသော မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂ လူ့အခွင့်အရေး အထူးကိုယ်စားလှယ် မစ္စတာတောမတ်စ်အိုဟေးကွင်တားနား၏ အစီရင်ခံစာကို ငြင်းဆိုခဲ့ဖူးသည်။ ထိုနည်းတူ ၂၀၁၁ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၈) ရက်မှ မတ်လ (၂၄) ရက်နေ့အထိ ဂျနီဗာမြို့တွင်ကျင်းပသော (၁၆) ကြိမ်မြောက် လူ့အခွင့်အရေးကောင်စီအစည်းအဝေးတွင်လည်း အကျဉ်းထောင်ဦးစီးမှူး ဦးဇော်ဝင်းက မြန်မာနိုင်ငံတွင် နိုင်ငံရေးအကျဉ်းသားမရှိပဲ တည်ဆဲဥပဒေများချိုးဖောက်သဖြင့် ပြစ်ဒဏ်ကျခံနေရသူများသာရှိသည်ဟု ပြောခဲ့သည်။ ၂၀၁၁ ခုနှစ်၊ မတ်လတွင် ကျင်းပသော ပထမအကြိမ်ပြည်သူ့လွှတ်တော်အစည်းအဝေးတွင် သင်္ကန်းကျွန်းမဲဆန္ဒနယ် လွှတ်တော်အမတ် ဦးသိန်းညွန့် တင်သွင်းခဲ့သော နိုင်ငံရေးအကျဉ်းသားလွှတ်ပေးရေးနှင့် မတရားဥပဒေများကို ဖျက်သိမ်းရန်အဆိုကို လွှတ်တော်တွင်း မဆွေးနွေးမီ မီဒီယာများသို့ပေါက်ကြားခဲ့ခြင်းကြောင့်ဟုဆိုသော အကြောင်းပြချက်ဖြင့် လွှတ်တော်တွင်း တင်သွင်းဆွေးနွေးခွင့်ကို ပိတ်ပင်ခံခဲ့ရသည်။ မစ္စတာကွင်တားနား၏ ၂၀၁၁ ခုနှစ်၊ ဩဂုတ် လ (၂၁) ရက်နေ့မှ (၂၅) ရက်နေ့အထိ စတုတ္ထအကြိမ်မြောက် မြန်မာနိုင်ငံသို့ရောက်သည့်အချိန်တွင် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ဦးခင်အောင်မြင့်နှင့်တွေ့ဆုံစဉ် နိုင်ငံရေးအကျဉ်းသားများကို ဖမ်းဆီးထောင်ချထားခြင်းမရှိကြောင်း ပြောဆိုခဲ့သည်။ ထို့အပြင်၂၀၁၁ ခုနှစ်၊ စက်တင်ဘာလ (၃၀) ရက်နေ့၌ ကျင်းပသော ပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၂၇) ရက်နေ့ အစီအစဉ်သို့ လက်ရှိနိုင်ငံတော် သမ္မတ ဦးသိန်းစိန်မှ ပေးပို့ခဲ့သည့် သဝဏ်လွှာတွင် "အကျဉ်းသားများ" လွှတ်ပေးရေးဟုသာ ရေးသားဖော်ပြထားသည်။

**NDD- မှတ်တမ်းတင်နှင့်သုတေသနဌာန**

နိုင်ငံရေးအကျဉ်းသားများကူညီစောင့်ရှောက်ရေးအသင်း (မြန်မာနိုင်ငံ) မှ နိုင်ငံရေးအကျဉ်းသားနှင့်ပတ်သတ်၍ အဓိပ္ပါယ်ဖွင့်ဆိုချက်ကို ၂၀၁၁ ခုနှစ်၊ စက်တင်ဘာလ (၃၀) ရက်နေ့တွင် ဤသို့ထုတ်ပြန်ကြေညာခဲ့သည်။ **"နိုင်ငံရေးအကျဉ်းသားဆိုသည်မှာ ငြိမ်းချမ်းစွာ ဆန့်ကျင်ဆန္ဒပြခြင်းဖြင့်လည်းကောင်း လက်နက်ကိုင်လမ်းစဉ်ဖြင့်လည်းကောင်း နိုင်ငံရေး လှုပ်ရှားမှုများတွင် တက်ကြွစွာပါဝင်လှုပ်ရှားခြင်း၊ (သို့) အားပေးထောက်ပံ့ကူညီခြင်း သို့မဟုတ် ထိုသို့ ပါဝင်သည်၊ ထောက်ပံ့ ကူညီသည်ဟု စွပ်စွဲခံရခြင်းတို့ကြောင့် မြန်မာနိုင်ငံထောင်အသီးသီး၊ ရဲဘက် စခန်းများနှင့် စစ်ကြောရေး စခန်းများတွင် ဖမ်းဆီးချုပ်နှောင်ခြင်းခံရသော မည်သူကိုမဆို နိုင်ငံရေး အကျဉ်းသားဟု သတ်မှတ်ပါသည်။" ဟု ဖော်ပြထားသည်။** မြန်မာနိုင်ငံတွင် နိုင်ငံရေးယုံကြည်ချက်ကြောင့် နှစ်ရှည်ထောင်ဒဏ်ကျခံနေရသော နိုင်ငံရေးတက်ကြွလှုပ်ရှားသူ (၂၀၀၀) နီးပါးခန့်ကို ကြံ့ဖွံ့အစိုးရမှ ဆက်လက်ထောင်သွင်း အကျဉ်းချထားကြောင်း နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (မြန်မာနိုင်ငံ) ၏ ထုတ်ပြန်ချက်မှတ်တမ်းများအရ သိရှိရပါသည်။

၂၀၁၁ ခုနှစ်၊ မတ်လ (၂၂) ရက်နေ့တွင် ကျင်းပသော ပထမအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး (၁၃) ရက်နေ့ အစီအစဉ်တွင် လင်းခေးမဲ ဆန္ဒနယ်မှ ဦးစိုင်းလှကျော်က လွတ်ငြိမ်းချမ်းသာခွင့်ပေးရန် မည်သို့စဉ်းစားထားကြောင်းကို မေးမြန်းခဲ့ရာ၊ ပြည်ထဲရေးဝန်ကြီး ဝန်ကြီးဦးမောင်ဦးမှ "၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ (၁၆) အရ နိုင်ငံတော်သမ္မတသည် နိုင်ငံတော်အကြီးအကဲနှင့် နိုင်ငံတော်အုပ်ချုပ်ရေးအကြီးအကဲဖြစ်ကြောင်း၊ ပြစ်ဒဏ်ကျခံလျက်ရှိသော အကျဉ်းသားများ၏ လွတ်ငြိမ်းချမ်းသာခွင့်နှင့်ပတ်သက်၍ ပုဒ်မ ၂၀၄ အရ နိုင်ငံတော်သမ္မတသည် - (က) ပြစ်ဒဏ်လွတ်ငြိမ်းခွင့် ပေးပိုင်ခွင့်ရှိသည် (ခ) အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ထောက်ခံချက်နှင့်အညီ လွတ်ငြိမ်းချမ်းသာခွင့်ပေးပိုင်ခွင့်ရှိသည်ဟူ၍ ဖော်ပြပါရှိပါကြောင်း၊ ထို့အပြင် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ ပုဒ်မ ၄၀၁ (၁) တွင်လည်း နိုင်ငံတော်သမ္မတ၏လုပ်ပိုင်ခွင့်ဖြစ်သော အကျဉ်းသားများအား လွတ်ငြိမ်းချမ်းသာ ခွင့်ပြုခြင်းနှင့်ပတ်သက်၍ - ပြစ်မှုတစ်စုံတစ်ရာအတွက် တစ်ဦးတစ်ယောက်အား ပြစ်ဒဏ်ချမှတ်ပြီးသည့်အခါ နိုင်ငံတော် သမ္မတသည် မည်သည့်အခါမဆို စည်းကမ်းချက်မထားဘဲဖြစ်စေ၊ ပြစ်ဒဏ်စီရင်ခြင်းခံရသူသဘောတူသည့် စည်းကမ်းချက်တစ်ခုခုထား၍ဖြစ်စေ ၎င်းအပေါ် ချမှတ်သည့် ပြစ်ဒဏ်အတည်ပြုလုပ်ခြင်းကို ဆိုင်းငံ့ထားနိုင်သည် (သို့) ၎င်းကို စီရင်သည့် ပြစ်ဒဏ်အားလုံး၊ သို့မဟုတ် အစိတ် အပိုင်းတစ်စုံတစ်ရာကို လွတ်ငြိမ်းချမ်းသာခွင့်ပေးနိုင်ကြောင်း၊ နိုင်ငံတော်သမ္မတသည် အကျဉ်းသားများအား လွတ်ငြိမ်းချမ်းသာခွင့်ပြုရာတွင် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ထောက်ခံချက်နှင့်အညီ ဆောင်ရွက်ရပါကြောင်း၊ အစိုးရသစ်တာဝန်ယူသောအချိန်ကာလများရောက်မှသာ ဆောင်ရွက်မည့်ကိစ္စဖြစ်ပါကြောင်း" ရှင်းလင်းဖြေကြားခဲ့သည်။

ကြံ့ဖွံ့အစိုးရဖွဲ့စည်းပြီးနောက် ၂၀၁၁ ခုနှစ်၊ မေလ (၁၆) ရက်နေ့တွင် အကျဉ်းကျခံရသူများအား လွတ်ငြိမ်းချမ်းသာခွင့် ပြုခြင်းနှင့်ပတ်သက်သည့် နိုင်ငံတော်သမ္မတ၏ အမိန့်ကြေညာချက် အမှတ် ၂၈/၂၀၁၁ ကို ထုတ်ပြန်ခဲ့ရာတွင် "သေဒဏ်ချမှတ် ခံရသူများအား ထောင်ဒဏ်တစ်သက်သို့လည်းကောင်း၊ ထောင်ဒဏ်ကျခံနေရသူများအား သတ်မှတ်ထောင်ဒဏ်ကို တစ်နှစ်လျှော့ပေါ့ ခံစားစေရန်လည်းကောင်း" ဖော်ပြပါရှိခဲ့သည်။ ထိုလွတ်ငြိမ်းချမ်းသာခွင့်အမိန့်ကြောင့် အကျဉ်းသားစုစုပေါင်း ၁၄၇၈၅ ဦးလွတ်မြောက်ခဲ့ရာတွင် နိုင်ငံရေးအကျဉ်းသား (၃၆) ဦးသာပါဝင်ခဲ့သည်ကို တွေ့ရသည်။

ထို့ကြောင့် လူ့အခွင့်အရေး အထူးကိုယ်စားလှယ် မစ္စတာကွင်တာနားက ဤလွတ်ငြိမ်းချမ်းသာခွင့်အမိန့်နှင့်ပတ်သက်၍ စိတ်ပျက်မိ ကြောင်း ပြောဆိုခဲ့သည်။ မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ကလည်း "Amnesty ဆိုတာ အားလုံး လွတ်ငြိမ်းချမ်းသာခွင့်ပေးတဲ့ သဘောပဲ။ အဲဒီတော့ ဒါကို Amnesty လို့တော့ မပြောနိုင်ဘူး။ ဒီဟာက Sentence ကို Commute လုပ်တာပေါ့။ ပြစ်ဒဏ်ကို လျှော့ပေါ့ပေးတဲ့ သဘောပဲရှိတာပေါ့။ သေဒဏ်ပေးထားတဲ့သူကို တသက်တကျွန်း၊ ကျန်တဲ့သူတွေကို တနှစ်စီလျှော့တယ်ဆိုတော့ ဒါပြစ်ဒဏ်လျှော့တဲ့ သဘောပဲလေ၊ လွတ်ငြိမ်းချမ်းသာခွင့် ပေးတာမှမဟုတ်တာ" ဟုလည်းကောင်း၊ "ဒါဟာ အန်တီတို့ လိုချင်တဲ့ လွတ်ငြိမ်းချမ်းသာခွင့် မျိုးမဟုတ်ပါဘူး။ ဒါကြောင့် တကယ်လို့ အခု အစိုးရသစ်ကတကယ်ဘဲ ဒီမိုက ရေစီကိုလိုလားမှု ရှိ/မရှိကလည်း စဉ်းစားစရာဖြစ်နေပါတယ်။" ဟုလည်းကောင်း ပြောဆိုခဲ့သည်။ လက်နက်ကိုင်တိုင်းရင်းသားအင်အားစုများက ဤလွတ်ငြိမ်းချမ်းသာခွင့် ကြေညာချက်သည် အတုအယောင်သာဖြစ်၍ ကြံ့ဖွံ့အစိုးရအနေဖြင့် အမျိုးသားပြန်လည်ရင်ကြားစေ့ရေးကိစ္စကို ပြောဆိုနေသည်မှာလည်း အတုအယောင်သာဖြစ်လိမ့်မည်ဟု သုံးသပ်ခဲ့ကြသည်။

တချိန်တည်းမှာပင် နိုင်ငံရေးအကျဉ်းသားများလွတ်မြောက်ရေးအတွက် တောင်းဆိုသည့် ဆန္ဒပြပွဲများ၊ လက်မှတ်ရေးထိုးတောင်းဆို မှုများ၊ ဘာသာရေးဝတ်ပြုဆုတောင်းပွဲများကို ပြည်တွင်း၊ ပြည်ပ၌ ပိုမိုအရှိန်မြှင့်ဆောင်ရွက်လာကြသည်ကိုလည်း တွေ့ရှိရသည်။ ကုလသမဂ္ဂနှင့် နိုင်ငံတကာအစိုးရများမှလည်း နိုင်ငံရေးအကျဉ်းသားများ အမြန်ဆုံးလွှတ်ပေးရန် တိုက်တွန်းနိုးဆော်လျက်ရှိသည်။

**NDD- မှတ်တမ်းတင်နှင့်သုတေသနဌာန**

၂၀၁၁ ခုနှစ်၊ ဩဂုတ်လ (၂၆) ရက်နေ့တွင်ကျင်းပသော ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန် အစည်းအဝေး ပဥ္စမနေ့အစီအစဉ်တွင် လွတ်ငြိမ်းချမ်းသာခွင့်နှင့်ပတ်သက်ပြီး ပြည်သူ့လွှတ်တော်အမတ် ဦးသိန်းညွန့်အဆိုပြုတင်ပြချက်အပေါ် ကန့်ကွက်သူမရှိ ထောက်ခံခဲ့မှုကြောင့် လွတ်ငြိမ်းချမ်းသာခွင့်အဆိုကို သမ္မတထံသို့တင်ပြရန် လွှတ်တော်မှဆုံးဖြတ်ခဲ့သည်။

၂၀၁၁ ခုနှစ်၊ စက်တင်ဘာလမှစ၍ နယူးယောက်မြို့တွင်ကျင်းပနေသော (၆၆) ကြိမ်မြောက် ကုလသမဂ္ဂ အထွေထွေညီလာခံတွင် နိုင်ငံခြားရေးဝန်ကြီး ဦးဝဏ္ဏမောင်လွင်မှ မြန်မာနိုင်ငံအပေါ် စီးပွားရေးပိတ်ဆို့ထားမှုများကို ရုပ်သိမ်းပေးရန်တောင်းဆိုချက်နှင့်အတူ လွတ်ငြိမ်းချမ်းသာခွင့်အမိန့်ကို မကြာခင် ထုတ်ပြန်မည်ဖြစ်ကြောင်း ပြောသွားခဲ့သည်။ စက်တင်ဘာလ (၃၀) ရက်နေ့တွင် မြန်မာ့ဒီမိုကရေစီခေါင်းဆောင်ဒေါ်အောင်ဆန်းစုကြည်နှင့် အလုပ်သမားဝန်ကြီး ဦးအောင်ကြည်တို့ တတိယအကြိမ်မြောက် တွေ့ဆုံဆွေးနွေးရာတွင် သမ္မတမှ လွတ်ငြိမ်းချမ်းသာခွင့်ပေးရန် စဉ်းစားဆောင်ရွက်နေသည့် ကိစ္စပါဝင်လာသည်ကိုတွေ့ရသည်။

ဤဖြစ်စဉ်များအရ နိုင်ငံရေးအကျဉ်းသားများ လွတ်ပေးရေးကိစ္စကို ကြံ့ဖွံ့အစိုးရအနေဖြင့် မလွဲမရှောင်သာ ကိုင်တွယ်ဖြေရှင်းကြရမည်ဖြစ်သည်။ သို့သော် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ (၂၀၄) (ခ) အရ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ထောက်ခံချက်ဖြင့်သာ သမ္မတက အထွေထွေလွတ်ငြိမ်းချမ်းသာခွင့်ပေးနိုင်သည်ကိုတွေ့ရှိရသည်။ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီအဖွဲ့ဝင် (၁၁) ဦးအနက် အများစုမှာ စစ်ဗိုလ်ချုပ်ဟောင်းများနှင့် လက်ရှိဗိုလ်ချုပ်ကြီးများသာဖြစ်နေသဖြင့် နိုင်ငံအကျဉ်းသားများ ခြွင်းချက်မရှိ လွတ်ငြိမ်းချမ်းသာခွင့်ရရှိရေးသည် ယင်းဗိုလ်ချုပ်ကြီးများ၏ အမျိုးသားပြန်လည်ရင်ကြားစေ့ရေးအပေါ် စေတနာ၊ စိတ်ဆန္ဒမည်မျှရှိမရှိအပေါ်များစွာမူတည်နေကြောင်း တွေ့ရသည်။

နိုင်ငံရေးပြဿနာများကို အမျိုးသားပြန်လည်ရင်ကြားစေ့ရေး အခြေခံအပေါ်တွင် ဖြေရှင်းမည်ဆိုလျှင်

၁) ပဋိပက္ခနှင့် ပဋိပက္ခ၏ ဘက်နှစ်ဘက်ကို အသိအမှတ်ပြုရပါမည်။
၂) မိမိနှင့်ဆန့်ကျင်ဘက်ဖြစ်သောသူများကို ရန်သူအဖြစ်သတ်မှတ်ပြီး ဖိနှိပ်ချေမှုန်းရေး ယန္တရားများကိုအသုံးပြု၍ နိုင်ငံရေးဖြစ်စဉ်အတွင်းမှ ဖယ်ထုတ်သော လုပ်ဆောင်မှုများကို ရှောင်ရှားရမည်။

ထို့ကြောင့် စစ်မှန်သော ငြိမ်းချမ်းရေးနှင့် ဒီမိုကရေစီအသွင်ကူးပြောင်းရေးကို ဆောင်ရွက်မည်ဆိုလျှင် အမျိုးသားပြန်လည်ရင်ကြားစေ့ရေးကိုဦးတည်သော နိုင်ငံရေးအကျဉ်းသားများ ခြွင်းချက်မရှိလွတ်ပေးရေးကိစ္စကို မလွဲမသွေဆောင်ရွက်ရမည်ဖြစ်သည်။ ထို့အပြင် နိုင်ငံရေးဖြစ်စဉ်များတွင် ပါဝင်ဆောင်ရွက်နိုင်ရန် အစိုးရအဆက်ဆက်အသုံးပြုခဲ့သည့် နိုင်ငံရေးတက်ကြွလှုပ်ရှားသူများအား ဖမ်းဆီးစစ်ဆေးအရေးယူနိုင်သည့် ဥပဒေများကိုလည်း လွှတ်တော်မှ ဖျက်သိမ်းရမည်ဖြစ်သည်။ သို့မှသာ စစ်မှန်သော ငြိမ်းချမ်းရေးနှင့်ဒီမိုကရေစီအသွင်ကူးပြောင်းရေးကို အမှန်တကယ် အကောင်အထည်ဖော်ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း သုံးသပ်တင်ပြလိုက်ရပါသည်။

---

***End of report/ Saturday, October 06, 2011***

**ဒီမိုကရေစီနှင့်ဖွံ့ဖြိုးတိုးတက်ရေးအင်အားစု၊ မှတ်တမ်းတင်နှင့်သုတေသနဌာနမှ ထုတ်ဝေဖြန့်ချိသည်။**

***Documentation and Research Department (NDD)***

---